# မြန်မာ့ဒီမိုကရေစီအရေး

ခရီးရှည်ချီတက်ဆန္ဒပြပွဲနှင့်
အစာငတ်ခံဆန္ဒပြတိုက်ပွဲ

# ၁၅
# ရက်မြောက်နေ့

published by the Communication and Media Operators Committee

စက်တင်ဘာ ၁၅ ရက် ၂၀၀၄

"လွတ်မြောက်ရေးခရီးရှည်ချီတက်ပွဲ ပန်းတိုင်သို့ ရောက်ရန် နှစ်ရက်သာလို"

☐ ဒီမိုကရေစီချစ်သူများနဲ့ မြန်မာမိတ်ဆွေများ

☐ လွတ်မြောက်ရေးခရီးရှည်ချီတက်သူရဲဘော်များဟာ စက်တင်ဘာလ ၁၇ရက် နေ့ မှာ နယူးယောက်မြို့ အတွင်းကို ချီတက်ဝင်ရောက်လာနိုင်တော့မှာ ဖြစ်ပါတယ်။

☐ စက်တင်ဘာလတစ်ရက်နေ့ နယူးယောက်ပြည်နယ်၊ အယ်လ်ဘာနီ မြို့ အနီးက ငြိမ်းချမ်းရေးစေတီ မှာ စတင်ခဲ့တဲ့ ချီတက်ပွဲဟာ – ချီတက်သူရဲဘော်များ ရဲ့ ဇွဲ၊ လုံ့လ နဲ့ မြန်မာလူထုတစ်ရပ်လုံးအပေါ် ထားရှိတဲ့ မွန်မြတ်စိတ်ထားကြောင့်–ယနေ့ အထိ မိုင်ပေါင်း ၁၆၁မိုင် ကို ဘေးမသီရန်မခ ပဲ အောင်မြင်စွာ ဖြတ်ကျော်လာနိုင်ခဲ့ပါပြီ။

☐ နယူးယောက် မြို့ ထဲ ရောက်ပြီး စက်တင်ဘာ ၁၈ မှ ၂၀ ရက်အထိ နယူးယောက်မြို့ အတွင်းလူစည်ကားရာ နေရာတွေမှာ လှည့်လည် ချီတက်ကြဦးမှာဖြစ်ပြီး၊ ၂၁ရက်နေ့ မှာ "ကမ္ဘာ့ကုလသမဂ္ဂက မြန်မာပြည်အရေး အတွက် ထိရောက်စွာ ဆောင်ရွက်ပေးမှု မပြုမချင်း အစာငတ်ခံ ဆန္ဒပြမည့်တိုက်ပွဲ" ကို စတင် ကြမှာပါ။

☐ စက်တင်ဘာ ၂၁ရက်နေ့ ကနေ အောက်တိုဘာလ ၁ ရက်နေ့ အတွင်း ကျင်းပမယ့် ကမ္ဘာ့ ကုလသမဂ္ဂညီလာခံ ကို ကမ္ဘာ့နိုင်ငံ အ သီးသီးကခေါင်းဆောင်တွေ ၊ နိုင်ငံခြားဝန်ကြီး အဆင့်ရှိသူတွေ တက်ရောက်ကြမှာ ဖြစ်တဲ့အတွက် မြန်မာ့ ဒီမိုကရေစီ အရေး ဝိုင်းဝန်းကူညီ ဖြေရှင်းပေးဖို့ တွန်းအားပေးရန် အကောင်းဆုံးအချိန်ဖြစ်ပါတယ်။

☐ မြန်မာနိုင်ငံသားတွေ အမိမြေကို ချစ်မြတ်နိုးတယ်ဆိုတာ အလုပ်နဲ့ သက်သေ ပြဖို့ အချိန်ရောက်လာပါပြီ။ စစ်အာဏာရှင်အစိုးရတက်လာကတည်းက ဖြစ်လာခဲ့တဲ့ဆိုးကျိုးတွေကို မမေ့ကြနဲ့ ။

☐ စစ်အစိုးရကြောင့် တိုင်းပြည်ရဲ့ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ ဘာသာရေး၊ လူ့အခွင့်အရေး စသည်တို့ အဘက်ဘက်က နိမ့်ကျခဲ့ရတယ်။

☐ မိဘရင်ခွင်မှာဆိုးနွဲ့ ပြီး အတတ်ပညာတွေကို အေးအေးချမ်းချမ်း ဆည်းပူး နေသင့် ပေမယ့် စစ်အစိုးရရဲ့ သေနတ်ပြောင်းဝမှာ အသက်ပေးခဲ့ရတဲ့ လူမမယ်ကျောင်းသားကလေးတွေ ....

☐ အသက်မသေပေမယ့် ဆယ်စုနှစ်ပေါင်းများစွာ ထောင်သွင်းအကျဉ်းချဘဝနဲ့ ☐ ☐ အမှောင်ကမ္ဘာထဲမှာ ဘဝကို ကုန်ဆုံးနေရသူတွေ ...

☐ ကြမ်းတမ်းပြင်းထန်လွန်းလှတဲ့ နှိပ်စက်မှု တွေကြောင့် ရူးသွပ်ခဲ့ရသူတွေ ....

☐ သွေးမြေကျခဲ့ရတဲ့ သံဃာတော် တွေ....

☐ ကိုယ့်မြေကိုယ့်ရာပေါ်မှာ အေးအေးချမ်းချမ်း နေထိုင်လိုပေမယ့် အိမ်နီးချင်း နိုင်ငံတွေမှာ တရားမဝင်နေထိုင်သူအဖြစ်ခိုကိုးနေရတဲ့ ရိုးသား ဖြူစင်တဲ့ တိုင်းရင်းသားတွေ ....

☐ မုဒိမ်းမှု ကို စစ်လက်နက်တစ်ခုအနေနဲ့ အသုံးပြုလို့ တန်ဆာခံဖြစ်နေရတဲ့ အပြစ်မဲ့ သမီးပျိုလေးတွေ ....

☐ သူတို့ ....သူတို့ တွေ .... ရဲ့ နေရာမှာ ခဏတာဝင်ပြီး စာနာပေးကြပါ။

လက်တစ်ဆုပ်စာ သောအာဏာရှင်တွေ ကောင်းစားရေးအတွက် ၊ အာဏာတည်မြဲ ရေးအတွက် အပြစ်မဲ့ ပြည်သူတွေ ဘယ်အထိတောင် ပေးဆပ်နေရဦးမလဲ ။

☐ ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်မတားဆီးပေးပဲ ဆင်းရဲမှု မျိုးစုံကို သာဖန်တီးနေခဲ့ပြီး "တပ်မတော်သာအမိ၊ တပ်မတော်သာအဖ" ဆိုပြီး အရှက်ကင်းမဲ့စွာ ကြွေးကြော်နေတဲ့ စစ်အာဏာရူးတွေကို ဖြုတ်ချပစ်ဖို့ အခုလို ငြိမ်းချမ်းစွာလှုပ်ရှားနေတဲ့ ရဲဘော်များဘက်က ကူညီပံ့ပိုးအားပေးမှုကို အထူးပဲလိုအပ်လှပါတယ်။

☐ အသက်ကို ပဓာနမထားပဲ ရဲရဲတောက်တိုက်ပွဲဝင်နေတဲ့ ရဲဘော်တွေကို ဝိုင်းဝန်းအားဖြည့်ပေးဖို့ နယူးယောက် ဒီမိုက ရေစီအင်အားစုများက ဘဏ္ဍာရေးဆိုင် ရာ ကော်မတီ၊ ကူညီစောင့်ရှောက်ရေးကော်မတီ၊ ပြန်ကြားရေးကော်မတီ၊ သယ်ယူပို့ ဆောင်ရေးနှင့် နေရာချထားရေး ကော်မတီ တို့ ကို ဖွဲ့ စည်းထားရှိပြီးဖြစ်ပါတယ်။

☐ ဒါကြောင့် စာဖတ်သူမိတ်ဆွေများလည်း ယခုတိုက်ပွဲကို မိမိစွမ်းဆောင်နိုင်တဲ့ ဘက်ကနေ ပါဝင်ကူညီကြပါလို့ သတင်းထုတ်ပြန်ရေးကော်မတီ ဝိုင်းတော်သားများက တိုက်တွန်းနိုးဆော်လိုက်ပါတယ်။

☐ စက်တင်ဘာ၁၅ရက်နေ့ ခရီးစဉ်အကျဉ်း

☐ ချီတက်သူရဲဘော်များဟာ ယနေ့ နံနက် ၈နာရီ မှာ Maryknoll မြို့ ရှိ Maryknoll Church ကိုသွားပြီး ကမ္ဘာ့နိုင်ငံအသီးသီးက စု ရုံးရောက်ရှိနေတဲ့ သာသနာပြု သီလရှင်ကြီးများ ဖိတ်ကြားထားတဲ့ နံနက်စာစားပွဲကို တက်ရောက်ခဲ့ကြပါတယ်။

☐ လမ်းလျှောက်ချီတက်ပွဲကို တော့ နံနက် ဂနာရီ ၃၀ မိနစ်မှာ စတင်ခဲ့ပြီး ခရီးမိုင်ပေါင်း ၁၂မိုင်အထိ ချီတက်အပြီး ၊ ညနေ ၅နာရီ ၁၀မိနစ် မှာ ရပ်နားခဲ့ကြတယ်။

☐ ယနေ့ ချီတက်တိုက်ပွဲ ကို ABSDF ရဲဘော်ဟောင်း ဦးဟန်လင်း၊ Music league for Democracy က ကိုမောင်မောင်တိတ် Action Group for Human Rights in Burma rS ကိုဝင်းရွှေ၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ ချုပ်က ကိုတင်ငွေ၊ AARP က ကိုဝေထွန်း တို့ နဲ့ အတူ ဂျပန်နိုင်ငံ သူငြိမ်းချမ်းရေးခရီးသည် သီလရှင်ကြီး Jun Yasuda တို့ ပါဝင် ချီတက်ခဲ့ကြတာပါ။

☐ ညနေ ၅နာရီ ၁၀မိနစ် မှာ ယနေ့ညတည်းခိုမယ့် Dobbs Ferry မြို့ ရှိ Perelbyterial Church ကိုရောက်ရှိလာကြတယ်။ ခြေထောက်တွေ နာကျင်ညောင်းကိုက် နေပေမယ့် အေးအေးဆေးဆေးအနားမယူနိုင်သေးပါဘူး။ ပင်ပန်းပေမယ့် ရှေ့ ဆက်လုပ်ရမယ့် လုပ်ငန်းတွေအတွက်တက်ကြွ ဖျတ်လတ်မှုတွေအပြည့်ပါ။

☐ မနက်ဖြန်ခရီးစဉ်အတွက် ချီတက်လမ်းကြောင်းကို အသေးစိပ်ပြန်ဆွေးနွေး၊ နယူးယောက်မြို့ က ရောက်ရှိလာတဲ့ သာသနာပြုဘုန်းတော်ကြီးတွေ နဲ့ နယူးယောက်မှာ အတူတကွ ပါဝင်လှုပ်ရှားကြမယ့် ကိစ္စဆွေးနွေးကြပြန်ပါတယ်။

☐ ဂျပန်သီလရှင်ကြီးရဲ့အကြံပေးချက်အရ အစာငတ်ခံ တိုက်ပွဲ အတွက် အလေ့ အကျင့်တစ်ခုလည်းဖြစ်သွားအောင် မနက်ဖြန်ချီတက်ရာမှာ ရေမှ တပါးအစာလုံးဝမစားပဲ ၁၀ မိုင် တိတိ လမ်းလျှောက်ချီတက်ဖို့ အတွက် စောစောအိပ်ရာဝင်သင့်နေပေမယ့် အလုပ်က မပြီးသေးပါဘူး။

☐ အဲဒီနောက်သတင်းထုတ်ပြန်ရေးကော်မတီ ကမေးမြန်းလာတာတွေကို ဖြေကြားပေးရင်း၊ ချီတက်ပွဲနဲ့ သက်ဆိုင်တဲ့ Statement တစ်ခုထုတ်ပြန်ရေးကိစ္စ ဆွေးနွေးကြ ၊ စာမူကြမ်းချရေးကြနဲ့ ရဲဘော်များ အလုပ် အပြီး အိပ်ရာဝင်ဖို့ နာရီအကြည့်မှာတော့ ညသန်းခေါင်ကျော်ပြီး ၂နာရီခွဲနေမှန်းသိရတော့တယ်။

For more information please contact: Communication and Media Operators Committee

Aung Kyaw Myint - 607-339-7054 freelight0@aol.com
Yan Myo Aung - 585-576-8521 yanmyoag@yahoo.com
Min Sun Min - 718-434-5292 kominmin@yahoo.com
Nang San Nun - 917-519-3771 shanpyithu@yahoo.com
Sandi - 917-445-9222 freeassk@yahoo.com
Nyan Win Lett - 646-321-5311 nyanwlett@yahoo.com